PALMERSTON မြောက်ပိုင်း မြို့တော်ကောင်စီ

# ကောင်စီရွေးကောက်ပွဲ 2022

PALMY
PAPAIOEA PALMERSTON NORTH CITY

**Palmerston မြောက်ပိုင်း မြို့တော်ကောင်စီ ရွေးကောက်ပွဲသည် 2022 စက်တင်ဘာ 16 မှ အောက်တိုဘာ 8 ရက်နေ့အထိ ဖြစ်ပါသည်။** ရွေးကောက်ပွဲသည် မြို့တော်ဝန် 1 ဦးနှင့် ကောင်စီဝင် 15 ဦးကို ရွေးချယ်ရန်ဖြစ်သည်။

Te Pūao Māori ရပ်ကွက်ကိုယ်စားပြု (Māori မဲဆန္ဒနယ်ရှိ လူများအတွက်) ကောင်စီဝင် 2 ဦး ရွေးကောက်မည်ဖြစ်ပြီး Te Hirawanui ရပ်ကွက်ကိုယ်စားပြု (အထွေထွေ မဲဆန္ဒနယ်ရှိ လူများအတွက်) ကောင်စီဝင် 13 ဦး ရွေးကောက်ပါမည်။

---

## မြို့နယ်ကောင်စီသည် မည်သည့်တာဝန်များထမ်းဆောင်ရပါသနည်း။

မြို့နယ်ကောင်စီသည် ပုံမှန်အစည်းအဝေးတွင် တွေ့ဆုံပြီး ပါမာစတန်နော့ရှိ ပြည်သူလူထု၏ နေ့စဉ်ဓူဝ ဘဝများအပေါ် အကျိုးသက်ရောက်မှုရှိစေသည့်ကိစ္စ အားလုံးကို ဆွေးနွေးဆုံးဖြတ်ပေးသည်။ ျမို့နယ်ကောင်စီသည် ဒေသခံဝန်ဆောင်မှု မျိုးစုံကိုစီမံခန့်ခွဲပေးသည်။ လမ်းများ၊ ရေပေးဝေမှုစံနစ်များ၊ အမှိုက်သိမ်းခြင်း၊ စာကြည့်တိုက် ၊ ပန်းခြံများ၊ ရပ်ရွာစင်တာများ၊ ခွေးမှတ်ပုံတင်ခြင်း၊ ရပ်ရွာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြစီမံကိန်းများရေးဆွဲခြင်း စသည်တို့ကိုစီမံခန့်ခွဲပေးသည်။

## ဘယ်သူတွေ ရွေးကောက်တင်မြှောက်ခြင်းခံနိုင်ရပါသနည်း။

ရွေးကောက်ပွဲသည် ဆန္ဒမဲပေးသူများကို ကိုယ်စားပြုနိုင်သည့် ဒေသအပေါ်ပွင့်လင်းမြင်သာသောအမြင်မျိုးစုံ နှင့် အတွေးအခေါ်ကောင်းပေးနိုင်သည့် မြို့နယ်ကောင်စီ ကိုယ်စားလှယ်ကို ရွေးချယ်နိုင်ရန် အခွင့်အလမ်းပေးထားသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံနိုင်ရန် ကိုယ်စားလှယ်လောင်းသည်

- နယူးဇီလန် နိုင်ငံသားဖြစ်ပြီ
- ရွေးကောက်ပွဲ အရွေးခံရန် ကိုယ်စားလှယ်လောင်းအဖြစ် စာရင်းသွင်းထားသူ (အသက် 18 နှစ် (သို့) 18 နှစ်အထက်) ဖြစ်ပြီး
- ပါမာစတန်နော့ မြို့နယ်ကိုယ်စားလှယ် 2 ဦးမှ အဆိုပြုတင်မြှောက်ထားသူဖြစ်ရမည်။

ကိုယ်စားလှယ်အမည်အဆို တင်သွင်းခြင်းကို **သောကြာနေ့ ဩဂုတ် လ12 ရက် 2022၊** နေ့လည် 12 နာရီတွင် ပိတ်ပါမည်။

## မည်သူသည် မဲပေးပိုင်ခွင့်ရှိသူဖြစ်သနည်း

စာရင်းသွင်းထားသူသာ ဆန္ဒမဲထည့်နိုင်သည်။ ဆန္ဒမဲပေးရန်စာရင်းသွင်းခြင်းနှင့် ဆန္ဒမဲပေးနိုင်ရန်သင်သည်

- အသက် 18 နှစ်ပြည့်ပြီးသူဖြစ်ပြီး
- နယူးဇီလန် နိုင်ငံသား (သို့) အမြဲတမ်းနေထိုင်သူ (သို့) အမြဲတမ်းနေထိုင်ခွင့်ဗီဇာ ကိုင်ဆောင်သူ ဖြစ်ပြီး
- နယူးဇီလန်နိုင်ငံတွင် 1 နှစ် (သို့) 1 နှစ်အထက်ဆက်တိုက်နေထိုင်ခဲ့ဖူးသူများ

ကွတ်ကျွန်းနေ မာရီလူမျိုး၊ နူးရီယန်း၊ တုက်ကီးလူယန်လူမျိုး၊ အောစတေးလီးယန်း လူမျိုး များဖြစ်လျှင် နယူးဇီလန်နိုင်ငံတွင် 1 နှစ်ဆက်တိုက်နေပြီးပါက၊ အမြဲတမ်း နေထိုင်ခွင့်ဗီဇာမရှိလည်း ဆန္ဒမဲပေးနိုင်သည်။

**ဆန္ဒမဲပေးရန် စာရင်းသွင်းလိုသူများ vote.nz မှာကြည့်နိုင်သည် (သို့) ဖုန်းနံပါတ် 0800 36 76 56 ကိုလည်းခေါ်ဆိုမေးမြန်းနိုင်ပါသည်။**

## ဆန္ဒမဲကို မည်သို့ပေးရမည်နည်း

စာရင်းသွင်းပြီးသူများ အားလုံးထံသို့ မဲပေးရန် လမ်းညွှန်ချက်များကို 2022 စက်တင်ဘာ 16 ရက်နေ့တွင် စာတိုက်မှ ပို့ပါမည်။ ဆန္ဒမဲပေးရန် ညွှန်ကြားချက် စာရွက်စာတမ်း အချက်အလက်များပါသောစာအိတ် ထဲတွင် ဆန္ဒမဲပေးရန်ပုံစံဖြည့်ပုံ ဖြည့်နည်းများပါဝင်သည်။

နယူးဇီလန်နိုင်ငံသည် သင်ဆန္ဒရှိသည့်အတိုင်း ဆန္ဒမဲပေးရန်လုံခြုံစိတ်ချရသောနိုင်ငံ ဖြစ်သည်။ သင်ပေးသောဆန္ဒမဲသည် အခြားသူများမသိနိုင်ပဲ လုံခြုံစိတ်ချရသည်။ ဘယ် ကိုယ်စားလှယ်လောင်းကိုမဲပေးသည်ကို အခြားသူများသို့ သင့်ဆန္ဒမရှိလျှင် ပြောပြရန် မလိုပါ။

**မဲပေးသူများအတွက် အဓိကနေ့များ-**

| | |
|---|---|
| **16 စက်တင်ဘာ 2022** | မဲပေးရန် လမ်းညွှန်ချက်များကို စာတိုက်မှပို့ပြီး မဲပေးခြင်း စတင်ပါမည်။ |
| **8 အောက်တိုဘာ 2022** | မဲပုံးပိတ်ချိန် နေ့ခင်း 12 နာရီ |
| **13 အောက်တိုဘာ 2022** | မဲရလဒ်များ ကြေငြာမည် |



**အကူအညီတောင်းခံရန်နှင့် အခြားအချက်အလက်များမေးမြန်းလိုပါက**

မဲပေးရန် စာရင်းသွင်းရေးအတွက် 0800 36 76 56 သို့ဖုန်းခေါ်ပါ သို့မဟုတ် **vote.nz** သို့ ဝင်ပါ

မဲပေးရန် သို့မဟုတ် အခြားသော ရွေးကောင်ပွဲဆိုင်ရာ စုံစမ်းမှုများအတွက် အကူအညီရယူရန် **0800 922 822 သို့ခေါ်ပါ**

ပါမာစတန်နော့ မြို့နယ်ကောင်စီရုံး (သို့) မာနာဝါတူ ယဉ်ကျေးမှုစင်တာ ကိုလည်းသွားရောက်မေးမြန်းနိုင်သည်။